# ခရစ်ယာန်များသို့ နှိုးဆော်သံ

**ကမ္ဘာတဝှမ်းလုံးရှိအမျိုးသမီးခေါင်းဆောင်များအနေဖြင့်ကျွန်ုပ်တို့သည်အသင်းတော်ရှိအမျိုးသား၊ အမျိုးသမီးများကိုနှိုးဆော်တိုက်တွန်းလိုက်ပါသည်။ အမျိုးသမီးများ၊အမျိုးသားများ၊ ယောကျ်ားလေးများနှင့်မိန်းကလေးများအားလုံးသည်မိမိတို့၏ဝိညာဉ်ဆုကျေးဇူးများကိုဆုပ်ကိုင်လျက်အသင်းတော်၏လုပ်ဆောင်ချက်နှင့်သက်သေခံခြင်းများခိုင်ခံ့ပြီးဘုရားသခင်၏ဘုန်းတော်ထင်ရှားလာစေဖို့ဆောင်ရွက်ကပြုရန်နှိုးဆော်လိုပါသည်။**

ဤခေါ်သံကိုမတူညီသောနောက်ခံအခြေအနေအမျိုးမျိုးမှလာပြီးအောက်ပါခိုင်မာသောယုံကြည်ချက်ကိုညီညွတ်စွာခံယူထားသည့်အမျိုးသမီးများကထောက်ခံထားပါသည်။ကျား/မခွဲခြားဆက်ဆံခြင်းနှင့်ကျား/မအကြောင်းဝဖေန်ဆွေးနွေးချက်တို့သည်အသင်းတော်၏ထိရောက်သောသက်သေခံခြင်းနှင့် ဧဝံဂေလိတရား၏ပြောင်းလဲခြင်းတန်ခိုးတော်အားလျော့ပါးစေသောအတားအဆီးများအဖြစ်ဆက် လက်တည်ရှိလျက်ရှိသည်။[1]

ကျွန်ုပ်တို့သည်စုံလင်သောအသက်တာကိုရစေရန်ယေရှုဘုရားကြွလာခြင်းလာခဲ့သည်ဟုခံယူသည်။ ဧဝံဂေလိတရား၏ပြောင်းလဲစေနိုင်သောတန်ခိုးတော်အကြောင်းဟောပြောဝေမျှ၍သရုပ်ဖော်ပြနိုင်ရန်ယေရှုသည်အမျိုးသမီးများကိုခေါ်ခဲ့သည်၊လက်ခံခဲ့သည်၊ပြန်လည်တည်ဆောက်ပေးခဲ့သည်၊ တန်ဆာဆင်ပေးခဲ့သည်ဟုသမ္မာကျမ်းစာကဖော်ပြထားသည်။[2]

ဤသမ္မာကျမ်းဆိုင်ရာအုတ်မြစ်ပေါ်တွင်အခြေခံတည်ဆောက်လျက်၊ကျွန်ုပ်တို့၏နားလည်သတိပြုမှု

ကျယ်ပြန့်စေရန်၊ကျွန်ုပ်တို့၏အာရုံစူးစိုက်မှုပို၍တိုးပွားလာစေရန်နှင့်လူသားအားလုံးအတွက်ထားရှိသောဘုရားသခင်၏ရည်ရွယ်ချက်ကိုပြန်လည်ရယူရန်တိကျသောလုပ်ဆောင်မှုများဆောင်ရွက်ရန် အတွက်ဆက်ကပ်အပ်နှံလာစေရန်ကျွန်ုပ်တို့သည်တွန်းအားပေးခြင်းခံရသည်။

## နားလည်သတိပြုမိခြင်း

### ကျွန်ုပ်တို့သည်

- ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းများနှင့်ခေါင်းဆောင်မှုဆိုင်ရာတည်ဆောက်ပုံတို့သည် အမျိုးသမီးများနှင့်မိန်းကလေးငယ်များအတွက်အားရဖွယ်မရှိကြောင်း၊လွတ်လပ်မှုမရှိကြောင်းသို့မဟုတ်လုံခြုံစိတ်ချမှုမရှိကြောင်း၊
- ကမ္ဘာလုံးဆိုင်ရာအသင်းတော်တွင်ခေါင်းဆောင်များအဖြစ်အစခံရန်အမျိုးသမီးများအတွက်လမ်းကြောင်းများသည်အကန့်အသတ်ရှိကြောင်း၊များစွာသောသူတို့အားငင်းတို့၏ဆုကျေးဇူး နှင့် အရည် အချင်းများကိုအပြည့်အဝအသုံးပြုခြင်းမှဟန့်တားလျက်ရှိကြောင်း၊
- အသင်းတော်သည်များစွာသောအမျိုးသမီးများနှင့်မိန်းကလေးငယ်များအားအလွန်တရာနာကျင်စေ လျက်ရှိပြီးထိုစိန်ခေါ်မှုများကိုလည်းကိုင်တွယ်ဖြေရှင်းခြင်းမရှိကြောင်းသတိပြုမိပါသည်။

## အာရုံစူးစိုက်ခြင်း

### ကျွန်ုပ်တို့သည်

- အမျိုးသမီးများ၏အတွေ့အကြုံများ၊သဘာဝထားအမြင်များ၊ဝမ်းသာပျော်ရွှင်မှုများနှင့် ဒုက္ခဝေဒနာများအားသတိပြုမိရန်
- လူအချင်းချင်းခွဲခြားဆက်ဆံခံရရန်၊အကြမ်းဖက်ခံရရန်နှင့်အပယ်ခံရရန်အတွက်ကြီးမားသောအလားအလာရှိနေသည့်လူဦးရေများနှင့်နေရာဒေသများရှိအမျိုးသမီးများနှင့်မိန်းကလေးငယ်များအားသတိပြုမိ ရန်
- အသင်းတော်သည်ကျန်းမာ၍ခွန်အားနှင့်ပြည့်စုံလာစေရန်အမျိုးသမီးများနှင့်မိန်းကလေးငယ်များအားလုံး၏ဝိညာဉ်ဆုကျေးဇူးများကိုပိုင်းခြားသိမြင်ရန်၊ဘုရားသခင်ပေးသနားတော်မူသောအစွမ်းအစအရင်းအမြစ်များကိုအသုံးပြုရန်ဆက်ကပ်အပ်နှံထားပါသည်။[3]

## လုပ်ဆောင်ချက်

### ကျွန်ုပ်တို့အားလုံးသည်

- အပြုသဘောဖြင့်အပြန်အလှန်ဆွေးနွေးပြောဆိုခြင်း၊ကျွန်ုပ်တို့ကျူးလွန်မိသောအမှားများနှင့်နာကျင်မှုများအတွက်ဝမ်းနည်းပူဆွေးခြင်းနှင့်နောင်တရခြင်း၊ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းများတွင်ပြန်လည်သင့်မြတ်မှုကိုရယူခြင်းတို့အားခရစ်တော်၏နာမတော်မြတ်၌ဆောင်ရွက်ရန်
- ကမ္ဘာတဝှမ်းလုံးရှိအသင်းတော်များမှအမျိုးသမီးများ၏ရဲစွမ်းသတ္တိ၊ဆုကျေးဇူးနှင့်လုပ်ဆောင် ချက်များအားချီးမွမ်းဂုဏ်ပြုရန်
- အထိအခိုက်လွယ်ဆုံးသောလူများအားသတိပြုမိသည့်ကိစ္စရပ်များကိုဆောင်ရွက်ရန်အတွက်ညီညွတ်မှုရှိစွာဖြင့်လုပ်ဆောင်ရန်
- အသင်းတော်နှင့်ကျယ်ပြန့်သောလူမှုအသိုင်းအဝိုင်းတွင်ခေါင်းဆောင်ရာထူးများရရှိရန်အမျိုးသမီးများနှင့်မိန်းကလေးငယ်များအားတန်ဆာဆင်ပေးရန်
- အသင်းတော်သည်သာ၍ခိုင်ခံ့လာရန်၊ကြီးထွားလာရန်နှင့်ရင့်ကျက်လာစေရန်အမျိုးသမီး၊အမျိုး သားများအားလုံး၏ဆုကျေးဇူးများနှင့်အခွင့်အလမ်းများကိုဘုရားအတွက်ဆက်ကပ်လာစေရန်ဆောင်ရွက်ပါမည်။

1 ဤခေါ်သံကိုနိုဝင်ဘာ၊၂၀၁၉တွင်ပြုလုပ်ခဲ့သော World Evangelical Alliance အထွေထွေညီလာခံနှင့် Lausanne နိုင်ငံတကာမှထောက်ခံခဲ့သည်။

2 Lausanne Cape Town ဝန်ခံချက် ၂၀၁၀, စာ ၆၇-၈ကိုကြည့်ရန်။

3 ဆုကျေးဇူးများ၊အခန်းကဏ္ဍများနှင့်တာဝန်ဝတ္တရားများသာတူညီမျှရှိကြောင်းထောက်ခံသည့်ဤကျမ်းညွှန်းများအားကြည့်ရန်-က ၁း၂၆-၂၈၊၂း၂၃၊ ယောဝ၇း၃၁-၂၃၊ တ၂း၁၇-၁၈၊ ဂလာ၃း၂၈၊ ဧ၅း၂၁။